# မြန်မာနိုင်ငံသားများဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ ( ဆွီဒင်နိုင်ငံ )

လေးစားရပါသော ဆွီဒင်နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် ဗုဒ္ဓဘာသာသူတော်စဉ်အပေါင်းတို့ ခင်ဗျာ

ကျွန်ုပ်တို့ သည် ဆွီဒင်နိုင်ငံအတွင်း၌ တည်ထားမည့် ဘုန်းတော်ကြီးကျောင်းတည်ဆောက်နိုင်ရန် အတွက်အဖက်ဖက်မှ အမျိုးမျိုးသော ကြိုးစားမှုများ ဖြင့်ဆောင်ရွက်ခဲ့သည် ကိုအားလုံး အသိ ပင် ဖြစ်ပါသည်။

ယခုတစ်နစ်မြောက်တွေ့ ဆုံဆွေးနွေးပွဲကို အင်္ဂလန်နိုင်ငံတွင်သီတင်သုံးနေထိုင်တော်မူသော ဆရာ တော်ဦးဥတ္တရကိုယ်တော်တိုင် ဦးဆောင်မှု အခန်းဂဏ္ဍမှ တာဝန်ယူကာ **ÖREBRO** မြို့၌ **(2008/12/28/29)** ရင်နီးပွင့်လင်းစွာဖြင့် အောင်မြင်စွာကျင်းပ ဆောင်ရွက်ပေးခဲ့သည် ကိုအများသိကြ မည်ဖြစ်ပါသည်။ အခမ်းနားအစီစဉ်တွင်.........

တနစ်တာကာလအတွင်း အဖွဲ့ အနေဖြင့်ပြီးမြောက်အောင်ဆောင်ရွက်ခဲ့သော လုပ်ငန်စဉ်များကို ဆရာ တော်အားရှင်လင်းတင်ပြလျှောက်ထားပြီးနောက် ဆရာတော်ဘုရားမှ ရှေ့ ဆက်ဆောင်ရွက် ရမည့် လုပ်ငန်းစဉ် များကိုချမှတ်ပေးခဲ့ပါသည်။ ၎င်းတို့ မှာ ........

( က ) ဆရာတော်ဦးဥတ္တရမှအဖွဲ့ ကြီးအားဦးဆောင်မှုပေးကာဦးဇင်းရှင်နန္ဒမှ လက်ထောက်အဖြစ် ဆောင်ရွက် ပေးသွားမည်။ယခင်ဖွဲ့ စည်းထားသည့်ရာထူး အမည်နာမများ ဆက်လက်တည်ရှိနေမည် မဟုတ်ဘဲ ဗဟိုအလုပ် အမှုဆောင်များအဖြစ်ယာယီပြင်ဆင်ပြောင်းလည်းလိုက်သည်။

**(သို့သော်အစိုးရဌာနဆိုင်ရာတို့နှင့်ပက်သက်ဆက်ဆံ ရာ၌ ယခင် ၂ နစ်သက်တမ်းဖြင့်ဖွဲ့ စည်းထားပြီးသော ၅ ဦးကော်မတီမှ ဆက်လက်ဆောင်ရွက်သွားမည်။)**

( ခ ) အဖွဲ့ ကြီးအတွက်လစဉ်ထည့်ဝင်ငွေ/ရန်ပုံငွေကို ကျယ်ကျယ်ပြန့်ပြန့် ကောက်ခံနိုင်ရန် ဗုဒ္ဓဘာသာ ဝင် တိုင်းထံ အကြောင်းကြားတင်ပြပေးနိုင်ရမည်။

( ဂ ) အဖွဲ့ ကြီးအတွင်းဖြစ်ပေါ်နေသော တိုးတက်မှု/ ထူးခြားမှုများကိုဗုဒ္ဓဘာသာဝင်တိုင်းထံ အမြဲမပြတ် သတင်းအချက်အလက်များ တင်ပြပေးနေနိုင်ရမည်။

( ဃ) အဖွဲ့ ကြီး၏ရေရှည်အကျိုးကိုရည်ရွယ်၍မည်သည့် ဗုဒ္ဓဘာသာဝင်တိုင်းမဆို ကျရာတာဝန်ကို စေတနာ သဒ္ဒါတရားရှေ့ ထားကာ အားလုံးတန်းတူရည်တူ အတူတကွပူးပေါင်းဆောင်ရွက်ပေးနိုင်ရမည်။

( င ) ဘုန်းကြီးကျောင်းအားဝယ်ယူရန် ဘဏ်၌ငွေချေးယူရာတွင် အခက်အခဲများစွာ ရှိသည့် အတွက် ကြောင့်ဘဏ်၌ ငွေချေးယူခြင်း နည်းလမ်းကိုရှောင်ကျဉ်း၍ မိမိတို့ ဆွီဒင်နိုင်ငံအတွင်းရှိ မည်သူမဆို မိမိရှိသောငွေကြေး ဖြင့်ခေတ္တယာယီ အဖွဲ့ စည်းသို့ ငွေထုတ်ချေးပေး ထားကျပါရန် တိုက်တွန်းနိုး ဆော် ရမည်။

( စ ) ထိုသို့ ဘုန်းကြီးကျောင်းဝယ်ယူရန် မိမိ၌ရှိသောငွေအားခေတ္တယာယီထုတ်ချေးခြင်းသာဖြင့်ပြီး ချေးငှား ထားသူများအားပြန်လည်ပေးဆပ်ရာတွင်အလှည့်ကျစနစ်ဖြင့်အဖွဲ့ မှတာဝန်ယူကာ စနစ်တကျ ဖြင့်ပြန်လည် ပေးဆပ်သွားမည်။

( ဆ) ရရှိပြီးသောငွေကြေးဖြင့် ဘုန်းတော်ကြီးကျောင်းဝယ်ယူဖြစ်တည်ပြီးနောက် ၎င်းချေးယူ ထားသော ငွေကြေးအားပေးဆပ်ရာတွင်ပြန်လည်ရရှိမည့်ငွေပမာဏမှာကျောင်းတွင် သီတင်းသုံး နေထိုင်မည့် သံဃာတော် အား ငှါးရန်းခြင်းမှ၎င်း ဆွီဒင်နိုင်ငံအတွင်း မှီတင်း နေထိုင်ကျကုန်သော မည်သည့် ဗုဒ္ဓဘာသာဝင်မဆို ဘုန်း ကြီးကျောင်း၌ ၃ ဦးထက်မပိုသောယောကျာ်းသားလူပျိုလူလွတ်များအား

ဌါးရန်းနေခြင်းမှဌင်း အလှူ ရှင်များမှ လစဉ်ထည့်ဝင် လှူဒါန်းမှုမှရရှိသောဝင်ငွေများမှဌင်း ရရှိအောင်ဆောင်ရွက်ပြီးဌင်းငွေများဖြင့် ပြန်လည်ပေး ဆပ်သွားရမည်။

( ဇ ) အထူးသတင်းကောင်းမှာ

ဘုန်းကြီးကျောင်းအဆောက်အဦးဝယ်ယူရာတွင်လိုအပ်သောငွေကြေးအား အတိုင်းအတာတခုထိ ပီနန်းဆရာတော်ဘုရားကြီး ဦးပညာဝံသ မှထည့်ဝင်လှူဒါန်းပေးသွားမည်။

( ဈ ) ဘုန်းတော်ကြီးကျောင်းအတွက် လှူဒါန်းလိုသူများအနေဖြင့် အဖွဲ့ ၏ဗဟိုကော်မတီဝင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဆရာတော်ဘုရား၏မိန့် ကြားချက်မှာ အလှူရှင် / စေတနာရှင် တဦးလျှင် မနည်းလွန်း မများလွန်းသောငွေကြေးအတိုင်းအတာဖြင့်ကူညီပေးကျပါရန်မေတ္တာရှေ့ ထားမိန့် ကြား ခဲ့ပါသည်။

(ည) ယခုကျွန်ုပ်တို့ ဆွီဒင်နိုင်ငံ၌ဖွဲ့ စည်းလိုက်သော ဘာသာရေးအဖွဲ့ စည်းသည် သာသနာ့မောဠိ– အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များ အဖွဲ့ ချုပ်၏ ဦးဆောင်မှု အောက်တွင်တည်ရှိပြီး အဖွဲ့ စည်း သည် ဥရောပနိုင်ငံများအတွင်းရှိ အဖွဲ့ ဝင်နိုင်ငံများနှင့်အတူ ဘာသာရေး/သာသနာရေးလုပ်ငန်းများကို အတူ တကွပူးပေါင်းဆောင်ရွက်သွားမည်။

(ဋ) တည်ဆောက်ဖြစ်လာမည့်ကျောင်းတော်အား ရတနရံသီ ဟုခေါ် ဆိုသမုတ်မည်ဖြစ်ပြီး ဥရောပနိုင်ငံများ တွင်ဖွဲ့ စည်းတည်ထောင်သောကျောင်းတော်အားလုံးသည် ရံသီ ဟူသောအုပ်စုအဖြစ်တည်ရှိနေမည်ဖြစ် သည်။ ဥပမာ အင်္ဂလန်နိုင်ငံတွင် သာသနရံသီ ၊ ဒိန်မတ်နိုင်ငံတွင် ဗုဒ္ဓရံသီ၊ ဆွီဒင်နိုင်ငံတွင် ရတနရံသီ စသ ဖြင့်...........မှတ်ချက်  ရံသီ ဆိုသည်မှာ အလင်းရောင်ဟု အဓိပ္ပါယ်ရသည်။

(ဌ) မိမိတို့ ၏သဒ္ဒါတရားဖြင့် ကျောင်းတော်ဝယ်ယူရာတွင် ခေတ္တယာယီ ငွေထုတ်ချေးလိုသူများ ဆိုရှယ်ရုံးနှင့် စကားမများရအောင် အဖွဲ့ အနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်ပါသည်။

**အဖွဲ့** ၏ဘဏ္ဍာရေး**လက်ရှိအခြေအနေ**

**( 1 ) ဘုန်းကြီးကျောင်းဖြစ်မြောက်ရေးအတွက် ယခင် ကောက်ခံရရှိထားသည့်ငွေပမာဏမှာ- 64 545.51 kr ဖြစ်ပြီး လစဉ် ပုံမှန်ကောက်ခံရရှိငွေမှာ- 2000 kr ခန့် ဖြစ်ပါသည်။**

**အဖွဲ့၏ဘာသာရေးဂက်စ်ဆိုက်မှာ- www.bbfse.org ဖြစ်ပါသည်။**

( 2 ) သို့ဖြစ်ပါသောကြောင့် ချေးငှားလှူဒါန်းလိုသူ သူတော်စဉ်ဓမ္မမိတ်ဆွေအပေါင်းတို့ အား ကျွန်ုပ်တို့ အနေဖြင့် သဒ္ဒါရှင်တဦးလျှင်အနည်းဆုံး ဆွီဒင်ငွေခရိုနာ 10000 သို့ မဟုတ် ထက်ပို၍  ခေတ္တယာယီ စိတ်စေတနာ သဒ္ဒါတရား ထက်သန်စွာဖြင့် ချေးငှား လှူဒါန်းထားပေးကျပါရန် နိဗ္ဗာန်ကို အကျိုး မျှော်၍တိုက် တွန်းနှိုးဆော် လိုက်ရပါသည်။ (မှတ်ချက်- အတိုးမပါ- ကုသိုလ်ပါ)

Burmese Buddishsiska Föreningen - Org.no -802441-5765

Swedbank

Kontornumber - 8103-4, 904 674 260-8

## သို့မဟုတ်

bankgiro - 2508232 ( Burmesiska Buddhistföreningen)

အန္နဒေါ ဗလဒေါ ဟောတိ ၊

ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ ။

ယာနဒေါ သုခဒေါ ဟောတိ ၊

ဒီပဒေါ ဟောတိ စက္ခုဒေါ ။

သော စ သဗ္ဗဒဒေါ ဟောတိ ၊

ယော ဒဒါတိ ဥပဿယံ ။

အမတံ ဒဒေါ စ သော ဟောတိ

ယော ဓမ္မ ပနုသာသတိ ။ (သံ၊ပ)

အန္နဒေါ ဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်ရသာပေးလှူသောသူသည် ဗလဒေါ ခွန်အားဗလကိုပေးလှူသည်မည်၏။ ဝတ္ထဒေါ အဝတ်ကိုပေးလှူသောသူသည် ဝဏ္ဏဒေါ အဆင်းကိုပေးလှူသည်မည်၏။ ယာနဒေါ ယာဉ်ကိုပေးလှူသောသူသည် သုခဒေါ ချမ်းသာကိုပေးလှူသည်မည်၏။ ဒီပဒေါ ဆီမီးကိုပေးလှူသောသူသည် စက္ခုဒေါ မျက်လုံးကိုပေးလှူသည်မည်၏။ ယော အကြင်သူသည် ဥပဿယံ နေရာကျောင်းကို ဒဒါတိ ပေးလှူ၏ သော ထိုသူသည် သဗ္ဗဒဒေါ အားလုံးကိုပေးလှူသည်။ ဟောတု ဖြစ်၏။ ယော အကြင်သူသည် ဓမ္မံ တရားကို အနုသာသတိ ဟောကြားဆုံးမ၏။ သော ထိုသူသည် အမတံ အမြိုက်ကို ဒဒေါစ ပေးလှူသည်မည်၏ ။

ဆက်သွယ်ရန်နှင့်မရှင်းလင်းသည်များသိရှိလိုပါက

| | | |
|---|---|---|
| ဆရာဦးအောင်တင့် | 076 8280712 | |
| ကိုအတာ | 073 9670195 | |
| ကိုချမ်းငြိမ်း | 0737630613 | 073 0415478 |
| ကိုစံရ | 073 8102880 | 076 4229783 |
| ကိုကျော်သက် | 070 5497167 | |
| မသီတာနိုင် | 0738464281 | |

ကိုအတာ/ ကိုချမ်းငြိမ်း

**အလုပ်အမှုဆောင်များအဖွဲ့**

**ဘုန်းတော်ကြီးကျောင်းဖြစ်မြောက်ရေးကော်မတီ**